Government of Western Australia
Department of Health
Public Health and Clinical Services



# ကာလသားရောဂါ

ဤပုံနှိပ်ထုတ်ဝေမှုတွင်ပါသောအချက်အလက်များတိကျမှန်ကန်ရန်အတွက်အစွမ်းကုန်ဆောင်ရွက်ထားသော်လည်း၊ဆေးပညာရှင်များ၏အကြံဉာဏ်ကိုအစားမထိုးနိုင်ပါ။ သင့်ကျန်းမာရေးအတွက် စိုးရိမ်မှုများရှိလျှင်၊ ကျန်းမာရေးပညာရှင်တစ်ဦးကိုသွားတွေ့ပါ။ သင်နောက်ထပ်အချက်အလက်များ ရနိုင်သည့်နေရာများစာရင်းကို အောက်တွင်ထည့်သွင်းထားပါသည်။

## Syphilis ဆိုတာဘာလဲ၊

ဆစ်ဖလစ်ဆိုသည်မှာ သင့်ဦးနှောက်နှင့် အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထိခိုက်စေသော အလွန်ပြင်းထန်သည့် ရောဂါတစ်ခုဖြစ်ပါ သည်။ ယင်းကို တရီပိုနီမာပလီဒမ် ဘက်တီးရီးယားပိုးက ဖြစ်စေပါသည်။

ဆစ်ဖလစ်ကို စောစောတွေ့ရှိပါက၊အလွယ်တကူ ကုသနိုင်ပါသည်။

## သင်ဘယ်လို ဆစ်ဖလစ်ရနိုင်သလဲ၊

မိန်းမအင်္ဂါ၊ စအိုနှင့် ပါးစပ်တို့ဖြင့် အကာအကွယ်မရှိဘဲ လိင်ဆက်ဆံမှုများမှ ဆစ်ဖလစ်ရောဂါ ကူးစက်ပြန့်ပွါးပါသည်။ ယင်းသည် ရောဂါ ပိုးရှိသူနှင့် လက်ပွန်းတတီးနေမှု သို့မဟုတ် အရေပြားချင်းထိတွေ့မှုများမှလည်း ကူးစက်ပါသည်။

ရောဂါရှိသူ အမေမှ ကလေးသို့ ကိုယ်ဝန်ဆောင်စဉ်အတွင်း အချင်းမှတဆင့် ကူးစက်နိုင်ပါသည်။

## ဆစ်ဖလစ်၏ လက္ခဏာ နှင့် ရောဂါအထောက်အထားများမှာ ဘာတွေလဲ၊

- ဖြစ်ခါစအဦးဆုံးလက္ခဏာများမှာ ကြာရှည်ဖြစ်မှုမဟုတ်သဖြင့်၊ ရှိမှန်းသင်မသိလိုက်ဘဲ၊ အခြားသူကို ကူးစက်သွားစေနိုင်ပါသည်။
- အချို့ပိုးရရှိသူတို့မှာ၊ ပိုးရရှိပြီး ၃ ပါတ်မှ ၁၂ ပါတ်အကြာတွင် အင်္ဂါဇာတ် သို့မဟုတ် ပါးစပ်ဝန်းကျင်များ၌ ပြည်တည်နာ သို့မဟုတ် အနာဖြစ်တတ်ပါသည်။ ယင်းအနာသည် အရွယ်အစားသို့မဟုတ် ပုံစံအမျိုးမျိုးဖြစ်နိုင်ပါသည်။ များသောအားဖြင့် နာကျင်မှုမရှိ၊ သွေးမထွက်ဘဲ၊ အရေပြားပေါ်၌ ကြယ်သီးအမာတစ်ခုရှိနေသလို ခံစားရပါသည်။
- ဆေးမကုသခဲ့လျှင်၊ အပါတ်အနည်းငယ်အတွင်းအနာသက်သာပြီးပျောက်သွားပါသည်။ သို့သော်လည်း သင့်တွင်ပိုးရှိနေဆဲဖြစ်ပြီး၊ယင်းပိုးများ သည် သွေးကြောများမှ ခန္ဓာကိုယ်တလျှောက်ပြန့်ပွါးနေပါသည်(ပထမ အဆင့်)။
- ပိုးရရှိပြီး နှစ်လမှ ၆ လအကြာတွင်၊ သင့်မျက်နှာ၊ လက်ဝါးများနှင့် ခြေဖဝါးတို့တွင် အရေပြားအဖုဖေါင်းများဖြစ်လာနိုင်ပြီး၊ အကြိတ်များ ယောင်ခြင်း၊ ခန္ဓာကိုယ်စိုစွတ်သော နေရာများ၌ အဖုများဖြစ်ခြင်းနှင့် ဆံပင်ကျွတ်ခြင်း ဖြစ်လာနိုင်သည်။ ခေါင်းကိုက်၊ အရိုးများ၊ ကြွက်သား များနှင့် အဆစ်များ နာမှုလည်းရနိုင်သည်။ ယင်းသည် (ဒုတိယ အဆင့်)ဖြစ်ပြီး၊ ၆ လ သို့မဟုတ် ထိုထက်ပို၍ကြာနိုင်သည်။
- ဆေးကုမှုမရှိလျှင် ရောဂါငုပ်အဆင့်တွင် လက္ခဏာများ မမြင်သာဘဲနှင့် ထိုသူသည် အများကို ကူးစက်စေနိုင်သဖြင့်၊ ၂ နှစ်တာကာလအထိ၊ လိင်ဆက်ဆံမှုဖြင့် ဆစ်ဖလဆစ်ဖလစ်ကို ကူးစက်စေနိုင်ပါသည်။ မကုသသည့် ဆစ်ဖလဆစ်ဖလစ်ကို ၂ နှစ်ကျော်ကာလ သင့်မှာရှိနေလျှင်(တတိယအဆင့်)၊ ယင်းရောဂါသည် ဦးနှောက်၊ နှလုံး၊ သွေးကြောကြီးများ၊ကျောရိုး၊ အသားရေနှင့် အရိုးတို့ကို ထိခိုက်စေပြီး၊ မသန်မစွမ်းမှုနှင့် သေဆုံးမှုတို့ကို ဖြစ်သွားစေနိုင်ပါသည်။
- ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၌ဆစ်ဖလစ်ရှိလျှင်၊ သူမ၏ကလေးအသေမွေးခြင်း သို့မဟုတ် ပျက်စီးယိုယွင်းမှုရှိခြင်း (ဝမ်းတွင်းပါဆစ်ဖလစ်ရောဂါ) တို့ဖြစ်နိုင်သည်။ ကိုယ်ဝန်အစောပိုင်း၌ တွေ့ခဲ့လျှင် ဆစ်ဖလစ်ကို ဆေးကုနိုင်သည့်အတွက်၊ကလေးတွင် ပျက်စီးမှုနည်း နိုင်ပါသည်။ ကိုယ်ဝန်ဆောင်စ ပထမ ၁၂ ပတ်အတွင်းသို့မဟုတ် ပထမဆုံးကိုယ်ဝန်အပ်သည့်အခါ၊အမျိုးသမီးတိုင်း ဆစ်ဖလစ်စစ်ဆေးမှု လုပ်သင့်ပါသည်။

# ကာလသားရောဂါ

## ကျွန်ုပ်မှာ ဆစ်ဖလစ်ရှိမရှိဘယ်လိုသိမလဲ၊

သင့်ဆရာဝန်က ဆစ်ဖလစ်ရှိမရှိ သွေးစစ်ပါလိမ့်မည်၊ သို့သော်လည်း ခန္ဓာတွင်းသို့ဆစ်ဖလစ်ဝင်ရောက်သည်မှာမကြာသေးခင်ကမှဆိုလျှင်၊ ယင်းစစ်ဆေးမှုက မတွေ့ရှိနိုင်သေးပါ။ ယင်းကြောင့် အကယ်၍ သွေးစစ်ရာမှ မရှိကြောင်းအဖြေရလျှင်၊ ၃ လကြာပြီး နောက်တခါ သင်သွေး ထပ်စစ်ရန်လိုပါလိမ့်မည်။

ကလျမီဒီရာနှင့် ဟိတ်ချ်အိုင်ဗွီ ကဲ့သို့သော အခြားလိင်ဆက်ဆံမှုဖြင့်ကူးသည့်ရောဂါပိုးများ(အက်စ်တီအိုင်)ကို တစ်ချိန်တည်းတွင်စစ်ဆေး လိုက်လျှင် ကောင်းပါသည်။ သင်၌ဆစ်ဖလစ်ရှိသည်ဆိုလျှင်၊ သင်နှင့်လိင်ဆက်ဆံသူအားလုံးလည်း စစ်ဆေးကြည့်ရန်လိုပါသည်။ ယင်းသို့ ပြုလုပ်မှုကို တစ်ဦးစီ၏ကိုယ်တွင်းရေးမပေါက်ကြားပဲ(သီးသန့်ထားပေးမှု)ဖြစ်ရန်ဂရုပြုပေးပါသည်။

## ကျွန်ုပ်မှာ ဆစ်ဖလစ်ရှိလျှင်၊ ကျွန်ုပ်ဘာလုပ်ရမလဲ၊

သင့်မှာ ဆစ်ဖလစ်ရှိနေနိုင်သည်ထင်လျှင်၊ သင့်မိသားစုဆရာဝန် သို့မဟုတ် သွားလိုသူဆရာဝန်တစ်ဦးထံ အမြန်ဆုံးသွားတွေ့ပါ။ ရောဂါ တွေ့ရှိပြီးဟု သေချာလျှင်၊ ကွန်ဒုံးသုံး၍သော်ဖြင့်၊ ဆေးကုသမှုကာလမပြီးမချင်း၊ လိင်ဆက်ဆံမှုမလုပ်ပါနှင့်။

ဆစ်ဖလစ်သည်အထူးသဖြင့် ပထမအဆင့်နှင့် ဒုတိယအဆင့်ကာလများတွင် အလွန်ကူးစက်ပြန့်ပွါးပါသည်။

ကလျမီဒီရာ၊ ဂိုနိုရောင်းကျ နှင့် ဟိတ်ချ်အိုင်ဗွီ ကဲ့သို့သော အခြားလိင်ဆက်ဆံမှုဖြင့်ကူးသည့်ရောဂါပိုးများ(အက်စ်တီအိုင်)ကို တချိန်တည်း တွင်စစ်ဆေးလျှင် ကောင်းပါသည်။ သင်၌ ဆစ်ဖလစ်ရှိသည်ဆိုလျှင်၊သင်နှင့်လိင်ဆက်ဆံသူအားလုံးလည်း စစ်ဆေးကြည့်ရန်လိုပါသည်။ ယင်းသို့ ပြုလုပ်မှုကို တစ်ဦးစီ၏ ကိုယ်တွင်းရေးမပေါက်ကြားပဲဖြစ်ရန် ဂရုပြုပေးပါသည်။

## ကျွန်ုပ်ကို ဘယ်လိုဆေးကုမှာလဲ၊

ဆစ်ဖလစ်ကို ပယ်နယ်စလင် သို့မဟုတ် အခြားပဋိဇီဝဆေးများဖြင့်ကုစားပါသည်။ ဆေးကိုအစီအစဉ်အပြည့်သောက်သုံးပြီး၊ ဆရာဝန်ရက် ချိန်းများကို တစ်ခုမျှမပျက်ရန် လိုအပ်ပါသည်။

ဆေးသောက်ပြီးနောက်၊ သေချာပေါက်ပျောက်ကင်းမှုရှိမရှိသိရန်၊ သွေးစစ်ဖို့လိုအပ်ပါသည်။

## ဆစ်ဖလစ်ဖြစ်နိုင်ခြေနည်းဖို့ ကျွန်ုပ်ဘာလုပ်ရမလဲ၊

အောက်ပါနည်းလမ်းများဖြင့် ဆစ်ဖလစ်နှင့် အခြားအက်စ်တီအိုင်များကို စိတ်အချရဆုံး ကာကွယ်နိုင်ပါသည်။

- အမြဲတမ်းကွန်ဒုံးများ၊ ပါးစပ်တွင်းအရည်ခံအကာများနှင့် ရေအခြေခံသည့်ချောဆီကိုသုံးပါ။ ကွန်ဒုံးနှင့်ပါးစပ်တွင်းအရည်ခံအကာ တို့သည် ဆစ်ဖလစ်နှင့် အခြားအက်စ်တီအိုင်များမဖြစ်ရန်၊ သင့်ကို အကောင်းဆုံး ကာကွယ်သည့်နည်းလမ်းဖြစ်ပါသည်။ သင်နှင့် သင့် လိင်ကြင်ဖော်ဘက်တွင် အက်စ်တီအိုင်တစ်မျိုးမျိုးမရှိမှန်းသင်လုံးဝသေချာစွာသိသည့်အချိန်အထိ အမြဲတမ်းကွန်ဒုံးနှင့် ပါးစပ် တွင်း အရည်ခံအကာတစ်ခုကိုသုံးပါ။
- သင်တို့နှစ်ယောက်စလုံး၌ ဤရောဂါမရှိလျှင်နှင့် နှစ်ယောက်စလုံး၌အခြားလိင်ကြင်ဖော်ဘက်များမရှိလျှင်၊ ထိုသူနှင့် ရေရှည်ပေါင်း သင်းပါ။
- လိင်ကြင်ဖော်ဘက်များကိုသတ်မှတ်ပါ၊ လူနည်းနည်းနှင့်လိင်ဆက်ဆံသည်နှင့်အမျှဆစ်ဖလစ်ရှိသူနှင့်လိင်ဆက်ဆံမိမှုဖြစ်ခြင်းနည်း မည် ဖြစ်သည်။
- အက်စ်တီအိုင် စစ်ဆေးမှုများကို မှန်မှန်လုပ်ပါ။

# ကာလသားရောဂါ

အက်စ်တီအိုင်အကြောင်းပြောရသည်မှာမလွယ်ပါ၊ သို့သော်လည်းသင့်၌အက်စ်တီအိုင်ရှိနေလျှင်၊သင်နှင့်လိင်ဆက်ဆံသည့်သူ၌ သိခွင့်ရှိသင့်ပါသည်။ သင်၌စိတ်တည်တည်ငြိမ်ငြိမ်ရှိ၍မိမိကိုယ်ကိုစိတ်ချသည့်အချိန်၌ဖြစ်ပြီး၊ လိင်မဆက်ဆံခင်ကလေးတွင်သာပြောရန်မဟုတ်ပါ။ သင့်လိင် ကြင်ဖော်ဘက်က သင်၏ဖြောင့်မတ်မှုနှင့် သူ့ကိုရောဂါမကူးစေလိုသည့်စေတနာကို တန်ဖိုးထားပါမည်။ သူတို့တွင်၌ရောဂါရှိနေလျှင်သင်ကိုယ်တိုင်လည်း သိဖို့အခွင့်အရေးရှိပါသည်။

## ဆစ်ဖလစ်အချက်အလက်ကို ဘယ်မှာ နောက်ထပ်ရနိုင်မလဲ၊

ထပ်ဆင့်အချက်အလက်များအတွက် ဆက်သွယ်ပါ

- သင့်အထွေထွေရောဂါကုဆရာဝန်၊ သို့မဟုတ် သင့်အကြိုက်ဆရာဝန်
- တိုက်ရိုက်ကျန်းမာရေး ဩစတြေးလျား (***healthdirect Australia)***
  ☎ 1800 022 222
- **Sexual Health Helpline** လိင် ကျန်းမာရေး အကူ ဖုန်း လိုင်း
  ☎ 9227 6178 (မြို့တွင်းဖုန်းခေါ်သူများအတွက်) သို့မဟုတ်
  ☎ 1800 198 205 (နယ်စွန်ဖုန်းခေါ်သူများ - အခမဲ့ဖုန်း ပြော ခြင်း ကို အိမ်ဖုန်းမှသာလျှင်ရရှိမည်)

မသန်စွမ်းချွတ်ယွင်းမှုရှိသူတစ်ဦးအတွက် ဤစာတမ်းကို
အခြားပုံစံဖြင့် တောင်းဆိုလျှင် ရှိနိုင်ပါသည်။

**ကူးစက်တတ်သောရောဂါ ထိန်းချုပ်ရေး ညွှန်ကြားရေးမှူး ၊ ကျန်းမာရေးဌာန၊ အနောက်ဩစတြေးလျား 2013 မှထုတ်လုပ်သည်။**

HP012472 FEB'13 BURMESE